

မုခဝတ္ထုတို
ငွေရည်ပုလဲရဲ့
ချစ်မက်စံအိမ်
မိချမ်းဝေ
174 FACES

လမ်းချိုးကလေးကို ကွေ့ဝင်လိုက်တာနဲ့ လှမ်းမြင်ရတဲ့ ဆင်စွယ်ရောင် နှစ်ထပ်တိုက်ကြီး အဟာန့်က ကျုပ်ရဲ့ သိမ်ငယ်စိတ်တွေကို နှိုးဆရန်းကြွစေနေလိုက်တာ.. ခြေလှမ်းအရှိန်တွေကို လျှော့ချပစ်လိုက်မိတယ်။ လက်ထဲက ခရရောင်စုံ အရုပ်ကလေးတွေပါတဲ့ အထုပ်ကလေးကိုတော့ ကျစ်ကျစ်ပါအောင် ဆုပ်ထားမြဲ။

ကျုပ် ဒီလမ်းထဲဝင်လို့ ဒီအိမ်ကိုမြင်တိုင်း ဒီလို စိတ်ခံစားမှုတွေ ခံစားနေကျ။ စိတ်တွေ ကတိမ်းကပါးဖြစ်၊ ခြေလှမ်းတွေ အားပျော့ ဒါတွေက လာတဲ့အခေါက်တိုင်း ဖြစ်နေကျ။ မလာဘဲလည်း မနေနိုင်ဘူး။ သုံးလတစ်ကြိမ် လေးလတစ်ကြိမ်လောက် လာရစမြဲ။ ဖြစ်နိုင်ရင် တစ်လတစ်ကြိမ်တောင် လာချင်သေး၊ တစ်လတစ်ကြိမ် မကာပါဘူးလေ၊ အခွင့်အရေးပေးရင် ကျုပ် အဲဒီ ဆင်စွယ်တိုက်ကြီးထဲ အမြဲကိုလာနေချင်တော့တာ။ အဲဒီအခွင့်အရေးဆိုတာလည်း ဘယ်တော့မှ ဖြစ်မလာဘူးဆိုတာ သိပါတယ်။

ကျုပ်စိတ်ကူးတွေသာ ဒေါ်ခင်ခင်ကြီး သိမယ်ဆိုရင် ရာရာစစ... သင်းကများ ငါ့အိမ်ကို... လို့ ဆတ်ဆတ်ခါမှာသေချာတယ်။ သူ့အိမ်ကို ကျုပ်က ဘာလုပ်ရမှာလဲဗျ။ ဆင်စွယ်တိုက်ကြီး ဖြစ်ဖြစ်၊ ဆင်စွယ်နန်းတော်ကြီးပဲ ဖြစ်ဖြစ်ကျုပ်နဲ့ မဆိုင်ပါဘူး။ ကျုပ်နဲ့ဆိုင်တာ သူ့အိမ်ကြီးထဲမှာ ရှိတယ်လေ။ အသားဖြူဖြူ မျက်လုံးဝိုင်းဝိုင်း နှုတ်ခမ်းစုစုကလေးနဲ့ ကျုပ်ရဲ့ ချစ်စရာ ကြယ်စင် လမင်းကလေး။ အဲဒီ ပုဂ္ဂိုလ်လေးက ကျုပ်နဲ့ အဆိုင်ဆုံးဆုံးပေါ့။

ကျုပ် လမ်းထိပ်က အုတ်ခုံပေါ်မှာ ထိုင်ချပြီး အိမ်ကြီးကို ငေးကြည့်နေမိတယ်။ ကျုပ် ဒီအိမ်ကိုလာရင် ဒီလိုပဲ ဒီနားရောက်ရင် ဒီနေရာ တအောင့်တနား အိမ်ထဲဝင်ဖို့ အားမွေးနေကျ။ ကျုပ်နဲ့ အဆိုင်ဆုံးပစ္စည်းကလေးက ကျုပ်နဲ့ အဝေးဆုံးမှာ ရှိနေတာ ကျုပ်တို့လင်မယားရဲ့ ဘဝကြမ္မာလေလား။ ကျုပ်မိန်းမ မခင်လေးရဲ့ ရိုးတာမှုလေလား။ ဒါမှမဟုတ် သူ့အစ်မ ဒေါ်ခင်ခင်ကြီးကို မလှန်ဝံ့ မလှန်ရဲတဲ့ ကြောက်ရွံ့အားငယ်မှုတွေလား၊ ဘာလားဆိုတာ စဉ်းစားလို့တောင် မရပါဘူး။

ဆင်းရဲခြင်း၊ ချမ်းသာခြင်းဆိုတာ လူတွေကို စည်းခြားဘောင်ကျုပ်ထားစေတဲ့ အရာဆိုပေမယ့် မိသားစု အခန်းအစိုင်းကို ပိုင်းခြား ကန့်သတ်နိုင်တဲ့အရာလို့ ကျုပ်မထင်ဘူး။ သင်းတို့လောက် စာမတတ်ပေမယ့် အခြေခံ ပညာအထက်တန်းလောက်တော့ သင်ဖူးသူတစ်ယောက် အနေနဲ့ ကျုပ် ဒီလောက် ဒုံးမဝေးပါဘူး။ ငွေဂုဏ်မောက်ပြီး သူတစ်ပါးရဲ့ အသိုက်အမြုံချစ်ခြင်းကို ခွဲခြေပစ်တဲ့ ဒေါ်ခင်ခင်ကြီးရဲ့ စိတ်ဓာတ်ကို ကျုပ်အချိန်ပြည့် ရှုံ့ချနေမိတယ်ဗျာ။ ဘယ့်နယ်...ကိုယ့်မှာ အဖြစ်မရှိရင် မရှိဘူး ပေါ့ဗျာ။ အဟက်... ဟက်၊ သူ့ယောကျ်ား အကောက်အခွန် အရာရှိ ဦးခင်မောင်မြဆိုတာ သားသမီးရအောင် မစွမ်းဆောင်နိုင်တဲ့ လူကြီး တဲ့လား။ ဒါဆိုလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်နေကြ ပေါ့ဗျာ။ အတိတ်ဘဝက သူတစ်ပါးကို ဘာတွေ ဖြစ်မှုကျူးလွန်ခဲ့လို့ သားသမီး မရနိုင်လဲမှ မသိ တာ၊ မဆီမဆိုင် လက်ပံသားစားနဲ့ မချိုင်နဲ့လေ ဗျာ။

ခက်တယ်။ အဲဒီ မခင်လေးကြောင့် ခက်တယ်။ အစ်မအရင်းဖြစ်တဲ့ ဒေါ်ခင်ခင်ကြီးရဲ့ ဂုဏ်ဓနအရှိန်အဝါ ဘယ်လောက်ရှိရှိ၊ ငါးလ သမီးကလေး ထိုးအပ်ခဲ့ရတယ်လို့။ တောင်းတိုင်း ပေးရအောင် ဒါကျုပ်သမီးဗျ။ သက်မဲ့ အရုပ်ကလေး မဟုတ်ဘူး။ သက်ရှိ... သက်ရှိ...။ မွေးကင်းစ ကတည်းက မွေးရာပါ ဆံပင်နက်နက် ပါးစုံ့မို့မို့ ထွက်ပြီး ချစ်ချင်စရာ သမီးလေး၊ သူ့မို့လို့ ပေးခဲ့ ရက်ပလေ။ သမီးပေးခဲ့ပြီး ပြန်လာတော့ နို့ရည် တင်းနေတဲ့ သားမြတ်အစုံက နို့တွေ ညှစ်ပစ်ပြီး မျက်ရည်တွေ ဒရောသောပါး သွန်ကျနေတဲ့ မြင်ကွင်း။ ကျုပ်လည်း ပေါက်ဆိန်တစ်လက် ပြေးဆွဲပြီး ခြံထဲက ဟိုအပင်ပြေးခုတ် သည်အပင် ပြေးခုတ် နောက်တော့ ကမ်းခြေဘက် ပြေးထွက်လာမိရော...

ဆောင်းမဝင်သေးတဲ့ မောင်းမကန် ကမ်းခြေ



ဟာ လူသူကင်းဆိတ်ပြီး ကျုပ်ကို ခေါင်းညိတ်ပြီး ကြိုဆိုနေတယ်။ ကမ်းခြေဟာ ဒီရေအတက်အကျကြောင့် လက်ခံရရှိတာတွေ ယုတ်လျော့ဆုံးရှုံးတာတွေနဲ့ အသားကျနေတဲ့ ရင့်မာမှုမျိုးနဲ့ပေါ့။ မင်းရတာတွေက ခဏပါကွာ - - - မင်း ဆုံးရှုံးသွားတာတွေလည်း ခဏပေါ့။ အားလုံးဟာ ခဏပဲ ကိုယ့်လူ ရေပွက်ပမာဆိုတဲ့စကား ကြားဖူးရဲ့မဟုတ်လားလို့ ပြောနေသယောင်။

ကမ်းခြေရောက်တော့ ကျုပ်စိတ်တွေ နည်းနည်းပြေသွားတယ်။ အလျားရှည်ကမ်းစပ်မှာ ကျုပ်ပြေးနေသလောက် အနောက်က တစ်စုံတစ်ယောက် လိုက်ပါလာတဲ့အတွက်လည်းပါတယ်။ ကျုပ်ဘဝက ဘာမဆို ထင်တိုင်းကြဲခွင့်မရတဲ့ ဘဝ။ ကျုပ်သွားရာ နောက်တစ်ကောက်ကောက် လိုက်လေ့ရှိတဲ့ ကျုပ်သားအကြီးကောင် နောင်နောင်။ သားဦးယောက်ျားလေးမွေးပြီး သုံးနှစ်အကြာ သမီးမိန်းကလေးမွေးတာမို့ သားရောသမီးပါ စုံလင်နေတဲ့ အဖေတစ်ယောက်ရဲ့ပီတိတွေ ပင်လယ်ထဲ ပစ်ချရတဲ့နေ့ပေါ့ဗျာ။

"ခင်လေးကို သတ်ချင်သတ်ပါတော့ အစ်ကိုရယ် - - ဟိုရောက်တော့ မမကြီးက သမီးကို လက်ကမချတော့ဘူး။ ပုလဲလေး ပုလဲလေး ငွေရည်ပုလဲလေး ကလေးလေးရဲ့အလုက နင်တို့နဲ့ဘာမှမဆိုင်ဘူး။ ကမ်းခြေမှာ ပင်လယ်လေမိပြီး အသားတွေ မည်းကုန်တော့မယ်။ ငါတို့မှာ သားသမီးရှိတာ မဟုတ်။ သမီးကို အမွေစား အမွေခံ မွေးမယ်ဆိုပြီး - - -"

"ဘာအမွေစား အမွေခံလဲ။ ငါတို့ဆင်းရဲမွဲတေ မကျွေးနိုင် မမွေးနိုင်ဖြစ်နေလို့လား။ ဘဝဝမ်းစာရှာတာချင်း မတူချင်နေလူဆိုတာ တစ်နေ့ ထမင်းနှစ်နပ်ပါဟ။ ငါက နင့်အစ်မလို နန်းတော်လိုအိမ်ကြီးနဲ့ မထားနိုင်ရင်နေရမယ်။ အောင်ဘစိန် လက်နှစ်ဖက်ရှိလို့ကတော့ ထမင်းမငတ်စေရဘူးဟေ့ - - -"

နောက်ဆုံးတော့ အမေတို့ကလည်း ဖြောင်းဖျနေတာမို့ ဒီကောင်ပဲ စိတ်တွေလျှော့ချပြီး သမီးလေးလွှမ်းစိတ်ကို ဖြေနေရတော့တယ်။

"မောင်အောင်ရယ် မိဘနဲ့သားသမီးဆိုတာ ရေကိုဝိုင်းခြားလို့ ပြတ်ချင်ပြတ်မယ် ကိုယ့်သမီးဟာကိုယ့်သမီးပါ။ တစ်ရပ်လုံး တစ်ရွာလုံးသိနေတဲ့ကိစ္စ ကြီးလာရင် ကလေးကပျော်ဦးမှကိုး။ မပျော်တော့လည်း ကိုယ့်သမီးကိုယ်ပြန်ခေါ်ရုံပေါ့။"

အမေ့စကားက သင့်တင့်လျော်ကန်နေလို့ ဒီကိစ္စကို ကျုပ်အကျယ်မချဲ့တော့တာပါ။ အင်းလေ ထားဝယ်နဲ့ မြိတ် ဘာဝေးတာမှတ်လို့၊ သမီးတွေချင်သွားတွေ့လိုက်ရုံပေါ့။ သမီးတွေချင်သွားတွေ့လိုက်ရုံဆိုတာ ပြောတော့လွယ်တာပါ။ မြိတ်ရောက်လို့ ကန်ဖျားရပ်ကွက်က အဲဒီအိမ်ကြီးရှိရာလမ်းထဲ ချိုးဝင်လိုက်တာနဲ့ ကျုပ်စိတ်တွေ ကတိမ်းကပါးဖြစ်ရတယ်။ ကျုပ်ဆိုရင် ဘယ်တုန်းကမှ ဝမ်းသာအယ်လဲ မကြိုဆိုခဲ့တဲ့ ဒေါ်ခင်ခင်ကြီးရဲ့ စိမ်းကားပြတ်တောက်တဲ့ ဆက်ဆံရေးက တစ်ခါတစ်မျိုး မရိုးနိုင်အောင်ပါပဲ။ သမီးမျက်နှာနဲ့သာလာရတာ သူတို့အိမ်ရဲ့အဟန့်ကလည်းရှိသေးတော့ မပျော်ပေါင်ဗျာ။ အိမ်ထဲရောက်ရင် ဘယ်နေရာ ထိုင်ရမှန်းမသိ။ အဲဒီအခေါက်က ကျုပ်အနေခက်ခက်နဲ့ ကန်ဖျားဈေးထဲက ခွေမျိုးတွေရှိရာ အလည်သွားလိုက်တာပေါ့။ အဲဒီမြကာ ကန်ဖျားဈေးမှာ ပင်လယ်ထွက်ကုန် ငါးပိငါးခြောက် ရောင်းတယ်။ ကျုပ်ဘာကိစ္စနဲ့မြို့ကိုလာတယ်ဆိုတာလည်းသိတယ်။

"စိတ်ကိုလျှော့လိုက်ပါတော့ မောင်အောင်ရယ်။ တကယ်တော့ ခင်ခင်ကြီးက ကလေးရှူးကွဲ့။ အိမ်ထောင်သက် ဆယ်နှစ်မှာ ကလေးကမရလေတော့ အခု ဒီကလေးကို ရန်ကုန်မှာ ဗိုက်ခွဲပြီး သွားမွေးတဲ့အကြောင်း၊ ညညဆို ကလေးကဂျီကျတော့ နို့ဗူးထဖျော်ရတာ ဘယ်လိုအိပ်ပျက်တဲ့အကြောင်း ဈေးလာရင် သူမှာ ပါးစပ်အရသာခံပြီးပြောရတာအမော။ ဒီကလေးဟာ မခင်လေးကမွေးတာ သူဗိုက်ခွဲမွေးတာ မဟုတ်တဲ့ကိစ္စ လူတိုင်းသိနေတာ၊ ညဘက်ထတယ်ဆိုတာ သူလားထမှာ။ သူက နှလုံးရောဂါရှိတယ်ဆိုပြီး တစ်သက်လုံး ဗိုလ်ကျလာတာ။ တကယ် ထရတာက ဦးခင်မောင်မြဟေ့။ အိမ်ဖော်ခေါ်ထားလည်း စိတ်မချဘူးဆိုပြီး နို့ဗူးတွေ ခွက်တွေ သူကိုယ်တိုင် ရေနွေးနဲ့ပြုတ်ပြီး မှဖျော်တာ။ ဦးခင်မောင်မြကိုယ်တိုင် ကလေးကို အဖြစ်သည်းနေတာ။ ဒီလောက်ချစ်နေကြမှတော့ စိတ်လျှော့လိုက်ပါတော့ မောင်အောင်ရယ်"

ကျုပ်ကျေနပ်သွားတယ်။ ကျုပ်သမီးလေးကိုခေါ်ပြီး ဒေါ်ခင်ခင်ကြီးသာမက ဦးခင်မောင်မြကပါ သည်းသည်းလှုပ်နေတာဆိုတော့ အင်းလေ သမီးလေးရဲ့ကုသိုလ်ပေါ့။ တကယ်ဆို ဒွေးကအရင်ကြီးဟာ ညီမရဲ့သမီးကို အစ်မဖြစ်သူကြီးတော်က မွေးတယ်။ မတရားတာ မရှိပါဘူး။ ခက်တာက ကျုပ် ကျုပ်က အဖေလေဗျာ။ ကျုပ်သမီး ကျုပ်လွမ်းမှာပေါ့။ လွမ်းခွင့်ရှိပါတယ်နော်။ လွမ်းတိုင်း လွမ်းတိုင်း သမီးကြိုက်တာလေးတွေ စုဆောင်းပြီး လာနေရတာ အခေါက်ခေါက်ပေါ့။ ဒီတစ်ခေါက်တော့ - - -။

× × ×

အိမ်ထဲဝင်လိုက်တော့ ထုံးစံအတိုင်း ကော်ဇောပွပွကြီးတွေ၊ ဆက်တီလုလုကြီးတွေ ဆင်ယင်ထားတဲ့ညှော့ခန်းက ကျုပ်ကို ခြောက်လှန့်တော့တာပေါ့။ ဒါတွေက ကျုပ်တို့နဲ့ အသားမကျတဲ့ ဟာတွေလေ။ တီဗွီကြီးကလည်း နှစ်ဆယ့်တစ်လက်မတောင် ကပ့်မလားမသိဘူး။ နံရံပေါ်မှာလည်း သမီးလေး ငွေရည်ပုလဲရဲ့ ပုံကြီးချဲ့ထားတဲ့ ဓာတ်ပုံတွေ ဗီနပ်စင်ကလေးပေါ်မှာတော့ သမီးစီးတဲ့ ဖိနပ်မျိုးစုံ စင်အပြည့်ပါပဲ။ ကျုပ် ညှော့ခန်းမှာထိုင်ရနိုး ထရနိုး ဖြစ်နေချိန်မှာပဲ အတွင်းခန်းက ဒေါ်ခင်ခင်ကြီး ထွက်လာတာ

စိတ်ကိုလျှော့လိုက်ပါတော့ မောင်အောင်ရယ်။ တကယ်တော့ ခင်ခင်ကြီးက ကလေးရှူးကွဲ့။ အိမ်ထောင်သက်ဆယ်နှစ်မှာ ကလေးကမရလေတော့ အခု ဒီကလေးကို ရန်ကုန်မှာ ဗိုက်ခွဲပြီး သွားမွေးတဲ့အကြောင်း၊ ညညဆို ကလေးကဂျီကျတော့ နို့ဗူးထဖျော်ရတာ ဘယ်လိုအိပ်ပျက်တဲ့အကြောင်း ဈေးလာရင် သူမှာ ပါးစပ်အရသာခံပြီး ပြောရတာအမော

တွေ့ရတယ်။

"ဩော်··· မောင်အောင်"

ဒါလောက်ပါပဲ။ သူက အမျိုးတွေခေါ်သလို ကျုပ်ကို နာမ်နိမ့်ပြီးခေါ်နေတာလေ။ မတ်ဖြစ်သူကို လေးစားစရာမလိုဘူးသဘောပေ့ါ။ အဲဒါ သူ့စရိုက်ပဲ။ ဒီအချိန်မှာ···

"ဟော ဦးငယ်လာတယ် ဦးငယ်လာတယ်။ သမီးဖို့ ဘာပါလဲ"

ကျုပ်ရဲ့ လမင်းလေးက အသံစာစာနဲ့ ကျုပ်ပေါင်ပေါ်ပြေးထိုင်လိုက်တာ အမောကို ပြေသွားတာပဲဗျာ။ ဒေါ်ခင်ခင်ကြီးကတော့ ပြုံးမလို မဲ့မလို မျက်နှာနဲ့ မျက်နှာလွှဲသွားလေရဲ့။ ကျုပ်သူ့ကို ဂရုစိုက်မနေနိုင်ပေါင်ဗျာ။ သမီးနဲ့တွေ့မှတော့ ကျန်တာတွေ အသေးအဖွဲ့ပါ။ သမီးအတွက် မောင်းမကန်က ကျုပ်အမေ သူ့ဘွား ဘွား လုပ်ပေးလိုက်တဲ့ ခရုရုပ်ကလေးတွေကို ထုတ်ပေးတော့ သမီးကပျော်လိုက်တာ လက်ခုပ်လက်ဝါးတီးလို့။

ဂါဝန်ကလေးနဲ့ ဘိုမရုပ်ပုံ၊ ဆင်ပုံ၊ ယုန်ကလေးနားရွက်ထောင်ပုံ၊ လိပ်ကလေးပုံစတဲ့ ခရုတွေကို ကော်နဲ့ကပ် ဆေးခြယ်ရောင်းချတဲ့ အလုပ်ဟာ ကျုပ်တို့ မိရိုးဖလာလုပ်ငန်းပါ။ မောင်းမကန်ကရတဲ့ခရုတွေကို အိမ်တွေရဲ့ ညှိခန်းဆောင်ဆီရောက်အောင်လုပ်တာ ကျုပ် အမေပေ့ါ။ မောင်းမကန်မှာ အမေညီရဲ့ ခရုရောင်စုံလုပ်ငန်းဆို လူတိုင်းသိတယ်။ အခုနောက်ပိုင်း အရုပ်တွေသာမက ခရုတွေနဲ့ ခန်းဆီးလိုက်ကာတွေပါ အလှဆင်ရောင်းချလာတော့ မောင်းမကန်ရေကူးလာတဲ့ဧည့်သည်တွေ အမေညီ့ခိုင် ရာပြီပေ့ါ။

အခုလည်း ဓာတ်ပုံထဲမှာသာ မြင်ဖူးတဲ့ မြေးကို အမေက အရုပ်ကလေးတွေ လုပ်ပေးလိုက်တာပါ။ သမီးတို့ ဧည့်ခန်းရှိုးကေ့စ်ဘီရိုထဲမှာ အဖိုးတန်အရုပ်တွေ အများကြီးရှိနေသားနဲ့ သူ့ဘွားဘွားရဲ့လက်ရာ ခရုရုပ်ကလေးတွေကို သမီးနှစ်သက်တယ်ဆိုတော့ ကျုပ်လာရကျိုးနပ်သွားပြီပေ့ါ။

"ဦးငယ်···ဘွားဘွားညိုက သမီးကို ဘာလို့ အရုပ်ကလေးတွေ ပေးလိုက်တာလဲ"

"သမီးကို ချစ်လို့ပေ့ါ သမီးရယ်"

"သမီးကလည်း ဘွားဘွားညိုကို ချစ်တယ်လို့ ပြောပေးပါနော်"

ကျုပ်လေ··· မျက်ရည်တောင် ဝဲတယ်။ သမီးက အဲဒီလို တတ်တာပါခို။ ကျုပ်ကိုလည်း သူ့ အမေ ညီမရဲ့ယောက်ျား သူ့ ဦးလေးလို့ပဲ ထင်နေတာ။ ဘွားဘွားညိုဆိုတာ အဘွားအရင်းလို့ ဘယ်သိပ့ါမလဲ။ မခင်လေးကိုတော့ အန်တီလေးတဲ့။ သူ့အမေသင်ထားတဲ့အတိုင်းပေ့ါ။ မခင်လေးက အဲဒါတွေမခံစားနိုင်လို့ တစ်နှစ်မှ တစ်ခေါက်လောက်ရောက်တော့တယ်။ မနေနိုင်တဲ့ ကျုပ်မှာသာ···။ သမီးဟာ တစ်ခေါက်နဲ့တစ်ခေါက် မတူအောင် စကားတွေတတ်လာတာ အရင်အခေါက်ကကြံ့ရပုံ ကျုပ်တွေးမိတိုင်း ပြုံးမိရဲ့။

ကျုပ်လာတော့ အိမ်ထဲမှာ ဦးခင်မောင်မြနဲ့တွေ့ဖို့ ဧည့်သည်တွေ စောင့်နေကြတယ်။ ဧည့်သည်တွေက တောကထင်ပါရဲ့။ ဝတ်စားထားပုံက ရိုးပါဘိသနဲ့။ အမှုကိစ္စလူကြီးအိမ်လာရတာဆိုတော့ စိုးရွံ့အားငယ်မှုတွေလည်း ရှိပေမှာပေ့ါ။ ဒီမှာ ဧည့်သည်မိန်းမတစ်ယောက် ရွံ့ပေနေတဲ့ သူ့ခြေထောက်ကို ဆက်တီအကောင်းစားပေါ်တင်ပြီး ထိုင်မိပါရော။ ကျုပ်နဲ့ စကားလက်ဆုံကျနေတဲ့သမီးဟာ ဧည့်သည်မိန်းမနားပြေးသွားပြီး···

"အမယ်လေး အဒေါ်ကြီးရယ်။ သမီးတို့အိမ်ကဆက်တီပေါ် ခြေထောက်ကြီးတင်ပြီး မထိုင်ပါနဲ့။ ရွံ့တွေပေကုန်ပ့ါမယ်။ ဒါတွေက ဖေဖေရှာထားတဲ့ပိုက်ဆံနဲ့ဝယ်ထားရတာ။ ဟောင်းသွားရင် ပြန်ဝယ်ရဦးမယ်။ ပိုက်ဆံရအောင် ဖေဖေ ခရီးတွေခဏခဏထွက်နေရတာ သနားပါတယ်"

"အင်းပါ အင်းပါ ကလေးရယ် အဒေါ်ကြီး ခြေထောက်တင်မထိုင်တော့ပါဘူး"

ကျုပ်မှာလေ ဧည့်သည်ကိုလည်း မျက်နှာပူ။ သမီးတတ်နေတာကိုလည်း ဝိတိဖြစ်၊ ဦးခင်မောင်မြ သူ့ဖေဖေအသည်းစွဲတာ ဒါတွေနေမှာလို့လည်း သဘောပေါက်မိလေရဲ့။ အင်းလေ တတ်တော့မှာပေ့ါ။ သမီးမူကြိုကျောင်းသူကြီးဖြစ်နေမင့်ဟာ။ အခုလည်း သူတတ်တဲ့ကဗျာတွေ ဆိုပြနေလေရဲ့။

တော်တော်ကြာ ဒေါ်ခင်ခင်ကြီး အခန်းထဲကထွက်လာတော့ ကျုပ်တစ်ခု တောင်းဆိုလိုက်တယ်။

"အစ်မကြီး ကျုပ်သမီးကို သိမ်တော်ကြီးဘုရား ခဏခေါ်သွားချင်တယ်"

"အလိုတော် ဘာကိစ္စ သမီးက ဘုရားကို ခဏခဏရောက်ဖူးနေတာ။ နေပူကမိဦးမယ်။ ကလေးကျောင်းပိတ်ရက်ကလေး အိမ်မှာ နားရတာ မဖြစ်ပါဘူး"

ကျုပ်သိနေသားပဲ။ ကျုပ်နဲ့သမီး သူ့ကွယ်ရာမှာ နှစ်ယောက်ထဲ မတွေ့စေချင်တဲ့သဘောဆိုတာ။ ကျုပ်မျက်နှာ မလုတော့ သမီးကပါးတယ်။

"ဘုရားမသွားရရင် သမီးနဲ့ဦးငယ်ခြံထဲမှာတူတူပုန်းမယ်လေ။ ပြီးရင် ဖေဖေဝယ်ပေးထားတဲ့ စက်ဘီးအသစ်ကလေးစီးမယ်။ နော် မေမေ"

သည်လိုနဲ့ ကျုပ်လည်း သမီးနဲ့ကစားဖော်ဖြစ်သွားပါရော။ သမီးကအဖော်မရှိတစ်ကောင်ကြွက်မို့ ကစားဖော်ရနေတာလေ။ တူတူပုန်းဆိုလည်းပုန်းတာပေ့ါဗျာ။ ကိုယ့်သမီးနဲ့ကိုယ်ကစားရတာပဲဟာ။ တူတူပုန်းလို့ဝတော့ စက်ဘီးစီးမယ် ဖြစ်ပါရော။ ကလေးစီးသုံးဘီး မဟုတ်ဘဲ နှစ်ဘီးစက်ဘီးကလေးက အဖော်ပေးရမယ့်အမျိုး၊ ပစ္စည်းအကောင်းစားတွေ သမီးသုံးနေရတာမြင်တော့ စောစောက ဘုရားမသွားရတဲ့ ဝေဒနာအကြိတ်အခဲလည်း အလိုလို ကျေသွားပါရော။

အမယ်လေး
အဒေါ်ကြီးရယ်။
သမီးတို့အိမ်က
ဆက်တီပေါ်
ခြေထောက်ကြီးတင်ပြီး
မထိုင်ပါနဲ့။
ရွံ့တွေပေကုန်ပ့ါမယ်။
ဒါတွေက
ဖေဖေရှာထားတဲ့ပိုက်ဆံနဲ့
ဝယ်ထားရတာ။
ဟောင်းသွားရင်
ပြန်ဝယ်ရဦးမယ်။
ပိုက်ဆံရအောင်
ဖေဖေခရီးတွေ
ခဏခဏထွက်
နေရတာ
သနားပါတယ်

ကျုပ်ကလည်း အလိုက်သိရမယ်လေ။ မပေးတဲ့အခွင့်အရေးကို ထပ်မတောင်းရဲ့ပေါ့။ ဒေါ်ခင်ခင်ကြီးအလစ်မှာ ဦးငယ်ဟာ သမီးရဲ့ အဖေပါလို့ ကျုပ်မပြောပါဘူး။ မပြောဖြစ်အောင်လည်း စောင့်ထိန်းမှာပါ။ ဒါဟာ သမီးတစ်ဘဝလုံးနဲ့ ဆိုင်တဲ့ကိစ္စလေ။ ကျုပ်ဒီလောက် မမိုက်ပါဘူး။ ဒီလိုနဲ့ ပြီးသွားပြန်ရော တစ်ခေါက်ပေါ့။

× × ×

နောက်ပိုင်း သမီးဆီ သိပ်မရောက်ဖြစ်တော့ဘူး။ ကျုပ်မှာလည်း သားကြီးနောင်နောင်ရှိသေးတော့ သားကြီးနောင်ရေးအတွက် ကျုပ် အလုပ်ကုန်းလုပ်မှဖြစ်ဦးမယ်။ အစကတော့ မိုးလင်းလာရင် အမေ့ဆိုင် ကူခင်းသလိုလို ကလေးထိန်းသလိုလို မခင်လေးကို ကျောင်းပို့သလိုလိုနဲ့ ပြီးနေတာ။ ကျုပ်မှာ အမေတစ်ခု သားတစ်ခုပေမယ့် အဖေပီနန်သွားပြီး ရှာဖွေထားရစ်တဲ့ အထုပ်ကလေးရှိလေတော့ မပူပင်ရတဲ့ အနေအထားမှာ သားတစ်ယောက်အနေနဲ့ ပေါ့လျော့နေတာလည်း ပါတယ်။

မခင်လေး မောင်းမကန်ကို ကျောင်းဆရာမတာဝန်နဲ့ ရောက်လာတော့ ကျုပ်အိမ်မှာနေဖြစ်ပြီး အနေနီးစပ်လို့ညား ကြတာလေ။ ဒေါ်ခင်ခင်ကြီး ဘယ်သဘောတူပါ့မလဲ။ ကျုပ်တို့ မင်္ဂလာဆွမ်းကျွေး မလွဲမကင်းသာဓကလာပြီး ပြန်သွားတာ။ သားကြီးမွေးပြီးတော့လည်း ခပ်ကင်းကင်းပဲ။ သမီးမွေးပြီးတော့ ထူးထူးဆန်းဆန်း သူ့ဒ္ဒအစ်မဆီက အလည်လာဖို့ စာရောက်လာတာ။ မခင်လေးမှာ ဝမ်းတွေသာလို့။ သူ့ဒ္ဒအစ်မ သူ့ဆီ ဆက်သွယ်တယ်ဆိုပြီးတော့လေ။ ကလေးပိုက်ပြီး သွားလိုက်တာ နောက်ဆုံးညီမအပေါ်မိုလ်ကျပြီး ကလေးယူထားလိုက်ပါရောလား။

အခုလို နှစ်ကြာတော့လည်း ကျုပ်တို့ တစ်မိသားစုလုံး နေသားကျသွားပါပြီ။ ကျုပ်လည်း အတန်းကြီးလာတဲ့သား အတွက် ငွေရှာနေရတာနဲ့ သမီးဆီ မရောက်ဖြစ်တော့ပါဘူး။ နောက်တစ်ချက်က အသားကျနေတဲ့သမီးဘဝ ကျုပ်ကြောင့် အနှောင့်အယှက်မထစေချင်ဘူးဗျာ။ မိဘမေတ္တာပါ မောင်းမကန်က ပင်လယ်ထွက်ကုန်၊ ငါးခြောက်တွေ ရန်ကုန်ကို တိုက်ရိုက်တင်တဲ့အလုပ်ကိုလုပ်တော့ မဆိုးပါဘူး။ ဒါပေမယ့် ဝန်ဆောင်စရိတ်တွေ ကြီးမြင့်တဲ့ကာလမှာ အမြတ်အစွန်းနည်းတယ် ဆိုပါတော့။

ဒီအချိန်မှာ ကျုပ်တို့မိသားစု အလှည့်အပြောင်းဖြစ်ဖို့ လူတစ်ယောက် မိုးပေါ်ကကျလာသလို ပေါ်လာပါရော။ အဖေရှိစဉ်က အဖေနဲ့ ပီနန်သွားဖက် ဦးအော်လူဆိုတာ ရွာပြန်ရောက်လာတယ်။ အဖေ့ကျေးဇူး သူ့မှာရှိတယ်ဆိုပြီး ကျွန်တော်တို့မိသားစုကို လုပ်ငန်းတစ်ခု တည်ထောင်ပေးတယ်။ အဲဒါက မောင်းမကန်မှာ ငွေသောင်ယံ စားသောက်ဆိုင်ကြီး ဖွင့်ပေးခြင်းပါပဲ။ တတ်ကျွမ်းနားလည်တဲ့စားဖိုမှူးသုံးယောက်နဲ့ ပင်လယ်စာ၊ ကင်းမွန်၊ ခရု၊ ဂဏန်း၊ မကန်းတွေ မောင်းမကန်လာသူတွေ လျှာလည်သွားစေရမယ်။

အဲဒီ ဦးအော်လူမှာ ဘန်ဂလိုဟောင်းလေး တစ်လုံးရှိတယ်။ ပြန်ခါနီးတော့ ဒါလေးပါ အပိုင်ပေးခဲ့ပြန်တော့ ပိုအဆင်ပြေသွားတာပေါ့။ ဘန်ဂလိုဟောင်းကို အမိုးတွေ၊ အကာတွေပြန်ပြင် ဆေးပြန်သုတ်၊ ဝန်းကျင်ကိုလည်း နေချင့်စဖွယ်ဖြစ်အောင် ပြင်ဆင်ရတာပေါ့။ ကမ်းခြေမှာ ညအိပ်ချင်သူတွေ ဒီမှာ နားနေအိပ်စက်ပြီး စားသောက်တော့ ငွေသောင်ယံဆိုင်မှာပေါ့ဗျာ။ နေရေးရော၊ စာရေးပါ တစ်တွဲတည်းဖြေရှင်းပေးလေတော့ ဖောက်သည်က ဝေးဝေးမသွားတော့ဘူး။ ဆိုင်မှာရော ဘန်ဂလိုမှာပါ အလုပ်သမားတွေတိုးခန့်လို့ ကျုပ်လည်း မန်နေဂျာကြီးကိုဖြစ်လို့။

ဒီအချိန် တစ်ခုသော နွေဦးပေါက်မှာ ပင်လယ်ကမ်းခြေမှာ ကြယ်တစ်စင်း ရေဆင်းသောက်သလို မြန်းစားကြီး ပေါ်လာလိုက်ပုံက ကောင်တာမှာ အလုပ်များနေတဲ့ ကျုပ်နားထဲ "ဦးငယ်ရေ"ဆိုတဲ့ အော်ခေါ်သံလေးပြေးဝင်လာလိုက်တာ။ မကြားတာ ကြာပြီဖြစ်ပေမယ့် ဘယ်တော့မှ မမေ့ပျောက်နိုင်တဲ့အသံ ဝမ်းသာစိတ်တွေ ငယ်ထိပ်ပြေးဆောင့်ပြီး လုပ်လက်စ အလုပ်တွေပစ်ချထားပြီး ဆိုင်ပြင်ထွက်လာတော့ အလျားရှည် သောင်ပြင်ဖြူဖြူမှာ ပြေးလာတဲ့ သမီးလေး။ ကျုပ်ဆီးယူပွေ့ဖက်လိုက်မိတယ်။ သမီးဟာ မထင်မှတ်လောက်အောင်ကို ထွားကြိုင်းလာတာ သိရတယ်။ ကျုပ် သူ့ကို ချီလို့တောင် မနိုင်တော့ဘူး။

"ကားက ဟိုဘက်မှာ သွားဆိုက်လို့ ငွေသောင်ယံကို ရှာနေရသေးတာ။ မင်းတို့ဆိုင်က ဒီဘက်မှာကိုး"

အလို ဒေါ်ခင်ခင်ကြီး။ ဟိုအနောက်မှာ ခရီးဆောင်အိတ်ကိုဆွဲလို့ ခပ်လေးလေး လျှောက်လာနေတာ ဦးခင်မောင်မြပါလား။ မိသားစုတစ်စုလုံး အပန်းဖြေလာတာထင်ရဲ့။ သမီးကို အသာထားပြီး ကျုပ် ဦးခင်မောင်မြလက်ထဲက အိတ်တွေ ပြေးယူကြိုဆိုလိုက်ရတာပေါ့။ အတော်ပါပဲ။ ဘန်ဂလိုမှာ လူမဝင်သေးတာ နှိမ့်မိုတခြားနေရာ ရှာပေးနေရဦးမှာလေ။

ဒေါ်ခင်ခင်ကြီးကတော့ ငွေသောင်ယံ စားသောက်ဆိုင်က အပေါ်နှရော ဘဂန်လိုရဲ့ လုပသစ်လွင်ခြင်းတွေပါပေါင်းပြီး အကျေနပ်ကြီး ကျေနပ်နေလေရဲ့။ သူ့ညီမ မခင်လေး ယူထားတဲ့လူဟာ ဒီလိုအလုပ်နဲ့အကိုင်နဲ့ ဟန်ကျပန်ကျ ဆိုတော့ နဂိုက ဂုဏ်မက်တဲ့ ဒေါ်ခင်ခင်ကြီး ပီတိလေဟုန် စီးနေလေရဲ့။ ပြောလို့သာ ပြောတာပါဗျာ။ သူ့စိတ်သဘောထား ဘယ်လိုရှိရှိ ကျုပ်ဂရုစိုက်တဲ့ကောင်မဟုတ်ပါဘူး။ ကျုပ်စိတ်ထဲမှာ ကျုပ်သမီးပဲ ရှိတာ။

မကြာပါဘူး။ မခင်လေးနဲ့ သားကြီးနောင်

မခင်လေး
မောင်းမကန်ကို
ကျောင်းဆရာမတာဝန်နဲ့
ရောက်လာတော့
ကျုပ်အိမ်မှာနေဖြစ်ပြီး
အနေနီးစပ်လို့ညားကြတာလေ။
ဒေါ်ခင်ခင်ကြီး
ဘယ်သဘောတူပါ့မလဲ။
ကျုပ်တို့ မင်္ဂလာဆွမ်းကျွေး
မလွဲမကင်းသာဓကလာပြီး
ပြန်သွားတာ။